## ဘုရား၊ စေတီ၊ ပုထိုး၊ ကျောင်း
## ဆောက်လုပ်ရခြင်း
## အဟောင်းပြုပြင်ရခြင်း အကျိုးများ

**"ရေစစ် ဆေးကျောင်း၊ အဟောင်းပြုပြင်၊ ပဋ္ဌင်အင္ဂ၊ သီလမည်သား၊ ဤခြောက်ဖြာလည်း၊ ဒီဃာယုက၊ ပုညခေါ်ရိုး၊ ကျင့်တစ်မျိုးတည့်၊ အားကြိုးသမှု၊ ဆောက်တည်ပြုက၊ ယခု ဒိဋ္ဌ၊ ဤဘဝ၌၊ သုခပွားစည်၊ စည်းစိမ်တည်၍၊ သက်ရှည် ဘုန်းကြီး၊ အံ့မပြီးအောင်၊ ဝုံးချီးလူ့ဘောင်၊ ဘဝနောင်လည်း၊ အခေါင်မိမိုင်း၊ တုမဲ့နှိုင်းသည်၊ ဖြစ်တိုင်း ကျော်ရမည်ကိုကား။"**

ကျောင်းဟောင်း၊ စေတီဟောင်း၊ ကျောင်းပျက်နှင့်စေတီပျက်တို့ကို ပြုပြင်ခြင်း ဆောက်လုပ်ခြင်းများကို တစ်ဦးတည်းဖြစ်စေ အများစုပေါင်း၍ဖြစ်စေ လှူဒါန်းကြသူတို့သည် ယခုဘဝတွင်ပင် စည်းစိမ်ဥစ္စာပေါများခြင်း၊ အသက်ရှည်ခြင်း၊ ဘုန်းကံကြီးမားခြင်း၊ လူအများချစ်ခင်ခြင်း၊ ဘဝဆက်တိုင်းတွင် အပါယ်မလားခြင်း၊ လူ့ပြည် နတ်ပြည်တို့၌သာ ကျင်လည်ရခြင်း စသောကောင်းကျိုးများ ခံစား စံစားရနိုင်ပါသည်။

**(မဃဒေဝ)**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန





**၂၈-၃-၂၀၂၅ ရက်နေ့တွင် လှုပ်ခတ်ခဲ့သော မန္တလေးငလျင်ကြီးကြောင့် ပျက်စီးဆုံးရှုံးခဲ့သော စေတီပုထိုးများ၊ ဗုဒ္ဓရုပ်ပွားတော်များ၊ ဘုန်းတော်ကြီးကျောင်းများ၊ သာသနိကအဆောက်အဦများ၊ ရှေးဟောင်းမြန်မာ့ယဉ်ကျေးမှု အမွေအနှစ်များ**






MOFA | MMRS v.2 Printed by MYANMAR EMBASSY, CANBERRA 16/10/2025 07:55:35

C

**"တိဋ္ဌန္တေ နိဗ္ဗုတေ စာပိ၊**
**သမေ စိတ္တေ သမံ ဖလံ။"**

"သက်တော်ထင်ရှား မြတ်စွာဘုရား၌ဖြစ်စေ ပရိနိဗ္ဗာန်စံဝင်တော်မူပြီးသော ဘုရားရှင်တို့၏ ဓာတ်တော်မွေတော်တို့၌ဖြစ်စေ ကြည်ညိုသောစိတ်သည် တူမျှသည်ရှိသော် ကောင်းမြတ်သော အကျိုးတရားတို့သည် ပေးစွမ်းနိုင်၏။ မိမိ၏ ကုသိုလ်စိတ်ကို ညီတူညီမျှ ကောင်းစွာထားခြင်းကြောင့် သတ္တဝါအားလုံးတို့သည် အပါယ်ဒုဂ္ဂတိဘဝသို့ မရောက်ကြဘဲ နတ် ရွာ နိဗ္ဗာန် သုဂတိဘုံဘဝသို့ ရောက်ကြရကုန်၏။"

**(ဇာတကဋ္ဌကထာ၊ တတိယအုပ်၊ နှာ ၃၈၇)**

## သာသနိကကျောင်း အဆောက်အဦ လှူဒါန်းရခြင်းအကျိုးများ

စေတနာသုံးတန် ပြဋ္ဌာန်း၍ သာသနိကကျောင်း အဆောက်အဦ လှူဒါန်းသူတို့သည်—

(၁) လူ့ပြည် နတ်ပြည်တို့၌ ဖြစ်ရခြင်း၊
(၂) စိတ်ထဲတောင့်တရုံမျှဖြင့် အဆောက်အဦရရှိခြင်း၊
(၃) ထိတ်လန့်ခြင်းမှ ကင်းဝေးခြင်း၊
(၄) အဆိပ်အတောက်နှင့် မကောင်းမိစ္ဆာတို့ မနှောင့်ယှက်နိုင်ခြင်း၊
(၅) အိပ်မက်ကောင်းများကိုသာ မြင်မက်ရခြင်း၊
(၆) စိတ်ထားတည်ကြည်ခြင်း၊
(၇) အရဟတ္တဖိုလ်ပေါက် ရဟန္တာဖြစ်ရခြင်း စသော ကုသိုလ်အကျိုး တရားများရှိစေနိုင်ပါသည်။



MOFA | MMRS v.2 Printed by MYANMAR EMBASSY, CANBERRA 16/10/2025 07:55:35

## စေတီပုထိုးများ၊ ဗုဒ္ဓရုပ်ပွားတော်များ၊ သာသနိကအဆောက်အဦများနှင့် ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များ

ဗုဒ္ဓသာသနာ ရောင်ဝါထွန်းလင်းတောက်ပသော မြန်မာနိုင်ငံကို ရွှေရောင်ဝင်းလျက်ရှိသည့် ဘုရားစေတီများနှင့် သာသနိကအဆောက်အဦများ နိုင်ငံအနှံ့အပြား တည်ရှိနေသောကြောင့် ရွှေနိုင်ငံဟု တင်စားခေါ်ဆိုခဲ့ကြပါသည်။

ခေတ်အဆက်ဆက်တည်ရှိခဲ့သော ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များ၊ ဘုရားစေတီနှင့် သာသနိကအဆောက်အဦများသည် မြန်မာတို့၏ တန်ဖိုးမဖြတ်နိုင်သော နှလုံးသည်းပွတ်များအဖြစ် မြန်မာ့မြေပေါ်တွင် အထင်အရှား တည်တံ့လျက် ရှိနေကြပါသည်။



မြန်မာနိုင်ငံသည် ထေရဝါဒဗုဒ္ဓသာသနာ ထွန်းကားသောနိုင်ငံ ဖြစ်သည့်အားလျော်စွာ ဗုဒ္ဓဘာသာ သာသနာတော်ကြီး အရှည်ခံ၍ တည်တံ့စေရေးအတွက် ဗုဒ္ဓတက္ကသိုလ် အပါအဝင် ကြီးကျယ်ခမ်းနားသော ဘုန်းတော်ကြီးကျောင်း မြောက်များစွာတို့တွင် စာသင်စာချ ရဟန်းသံဃာပေါင်းများစွာတို့သည် **“ပရိယတ္တိ၊ ပဋိပတ္တိနှင့် ပဋိဝေဓ”** ဟူသော သာသနာသုံးရပ်ကို ထမ်းရွက်တော်မူလျက် ရှိကြပါသည်။




၂၀၂၅ ခုနှစ် မတ်လ ၂၈ ရက် ၁၂ နာရီ ၅၀ မိနစ် ၅၂ စက္ကန့်အချိန်တွင် စစ်ကိုင်းမြို့နှင့် မန္တလေးမြို့အနီး ကိုဗဟိုပြု၍ အင်အား ရစ်ချ်တာစကေး ၇.၇ ရှိ အလွန်ပြင်းထန်သော၊ နှစ် (၁၀၀) အတွင်း တစ်ကြိမ်သာ လှုပ်ခတ်တတ်သောငလျင်ကြီး လှုပ်ခတ်ခဲ့လေသည်။ ထိုသို့ လှုပ်ခတ်မှုကြောင့် မန္တလေး၊ စစ်ကိုင်း၊ နေပြည်တော်၊ ပဲခူးနှင့် ရှမ်းပြည်နယ် အတွင်းရှိ ရဟန်းရှင်လူပြည်သူများ ထိခိုက်သေကြေပျက်စီးခဲ့ရပြီး ဘုရား၊ ပုထိုး၊ စေတီ၊ သာသနိကအဆောက်အဦများ၊ ရှေးဟောင်းယဉ်ကျေးမှု


MOFA | MMRS v.2 Printed by MYANMAR EMBASSY, CANBERRA 16/10/2025 07:55:35



## နေပြည်တော် ကောင်စီနယ်မြေ

ဦးထွန်းမြင့်အောင်
(ညွှန်ကြားရေးမှူး)
သာသနာရေးဦးစီးဌာန
ဖုန်း - ၀၆၇-၃၅၅၀၁၈၃
၀၉-၄၂၀၇၀၁၄၆၉

ဒေါ်နီလာအေး
(ဒုတိယညွှန်ကြားရေးမှူး)
ရှေးဟောင်းသုတေသနနှင့်
အမျိုးသားပြတိုက်ဦးစီးဌာန
ဖုန်း - ၀၉-၄၂၀၇၁၄၇၆၀

## အလှူငွေ ထည့်ဝင်လှူဒါန်းနိုင်သော Bank Account များ

**ငွေစာရင်းအမည်** - EARTHQUAKE-DAMAGED ANCIENT MONUMENTS RESTORATION FUND

**ငွေစာရင်းအမှတ်များ -**

| | | |
|---|---|---|
| **မြန်မာ့စီးပွားရေးဘဏ်** | - | SF - 004598 |
| **A Bank** | - | 0010011000015078 |
| **ရေဝတီဘဏ်** | - | 40037797858 |
| **CB Bank** | - | 0064100900025771 |
| **ကမ္ဘောဇဘဏ်** | - | 03451303403401501 |
| **UAB Bank** | - | 0011060100009592 |

## နိုင်ငံခြားငွေ ထည့်ဝင်လှူဒါန်းနိုင်သော Bank Account

| | | |
|---|---|---|
| SWIFT CODE | - | AYFDMMMY |
| **ဘဏ်** | - | A Bank |
| **ငွေစာရင်းအမည်** | - | DONATION FOR RENOVATION OF PAGODAS |
| **ငွေစာရင်းအမှတ်** | - | 0021020100042255 (USD) |

## ဆက်သွယ်လှူဒါန်းနိုင်ရန်

### စစ်ကိုင်းတိုင်းဒေသကြီး

ဦးဖြိုးနောင်
(လ/ထ ညွှန်ကြားရေးမှူး)
သာသနာရေးဦးစီးဌာန
ဖုန်း ၀၉-၄၂၀၇၂၆၄၉၀
၀၉-၇၈၈၉၁၁၂၁၁

ဦးလှမင်းနိုင်
(လ/ထ ညွှန်ကြားရေးမှူး)
ရှေးဟောင်းသုတေသနနှင့်
အမျိုးသားပြတိုက်ဦးစီးဌာန
ဖုန်း ၀၉-၄၀၂၆၁၀၁၃၄

### ပဲခူးတိုင်းဒေသကြီး

ဦးစိုးမိုးကျော်
(ညွှန်ကြားရေးမှူး)
သာသနာရေးဦးစီးဌာန
ဖုန်း ၀၉-၂၅၉၂၀၉၄၄၈

ဦးထွန်းထွန်းလွင်
(ဒုတိယညွှန်ကြားရေးမှူး)
ရှေးဟောင်းသုတေသနနှင့်
အမျိုးသားပြတိုက်ဦးစီးဌာန
ဖုန်း ၀၉-၄၃၀၁၉၁၆၈

### ရှမ်းပြည်နယ်

ဦးသိန်းဌေး
(ညွှန်ကြားရေးမှူး)
သာသနာရေးဦးစီးဌာန
ဖုန်း ၀၉-၄၂၀၇၃၀၈၃၉

ဒေါ်ခက်ခက်လှ
(ဒုတိယညွှန်ကြားရေးမှူး)
ရှေးဟောင်းသုတေသနနှင့်
အမျိုးသားပြတိုက်ဦးစီးဌာန
ဖုန်း ၀၉-၄၃၀၄၁၃၀၇



MOFA | MMRS v.2 Printed by MYANMAR EMBASSY, CANBERRA 16/10/2025 07:55:35



အမွေအနှစ်များ၊ ခေတ်အဆက်ဆက် တည်ရှိခဲ့သော ရှေးဟောင်း အနုသုခုမလက်ရာများ၊ လူနေအိမ်ခြေ တိုက်တာအဆောက်အဦများ၊ အစိုးရရုံးအဆောက်အဦများနှင့် လမ်းတံတားများ ပြိုကျပျက်စီး ဆုံးရှုံးခဲ့ရပါသည်။

### ပြိုကျပျက်စီးဆုံးရှုံးခဲ့သော စေတီပုထိုးများ၊ ဗုဒ္ဓရုပ်ပွားတော်များ၊ သာသနိကအဆောက်အဦများနှင့် ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များ

**ငလျင်မလှုပ်မီ** | **ငလျင်လှုပ်ပြီး**




**မဟာမြတ်မုနိဘုရားကြီး (မန္တလေး)**




**ဆွမ်းဦးပုညရှင်ဘုရား (စစ်ကိုင်း)**

| ငလျင်မလှုပ်မီ | ငလျင်လှုပ်ပြီး |
|---|---|




ကောင်းမှုတော်စေတီ (စစ်ကိုင်း)




မဟာစန္ဒာမုနိစေတီ (မန္တလေး)




အာနန္ဒာဘုရား (သိမ်နီကြီး) (မန္တလေး)



MOFA | MMRS v.2 Printed by MYANMAR EMBASSY, CANBERRA 16/10/2025 07:55:35



**ကုန်ကျမည့် ပမာဏများအလိုက်
ရွေးချယ်လှူဒါန်းနိုင်ရန် ဘုရား၊ စေတီ၊ ပုထိုး၊
သာသနိကအဆောက်အဦ အရေအတွက် –**

| | | |
|---|---|---|
| ၁။ ခန့်မှန်း ကျပ်သိန်း ၁၀၀ နှင့် အောက် | - | **၆၆၈** |
| ၂။ ခန့်မှန်း ကျပ်သိန်း ၁၀၁ မှ ၅၀၀ ထိ | - | **၁၃၁၉** |
| ၃။ ခန့်မှန်း ကျပ်သိန်း ၅၀၁ မှ ၁၀၀၀ ထိ | - | **၅၆၇** |
| ၄။ ခန့်မှန်း ကျပ်သိန်း ၁၀၀၁ မှ ၂၀၀၀ ထိ | - | **၅၇၃** |
| ၅။ ခန့်မှန်း ကျပ်သိန်း ၂၀၀၁ မှ ၅၀၀၀ ထိ | - | **၄၀၀** |
| ၆။ ခန့်မှန်း ကျပ်သိန်း ၅၀၀၁ မှ ၁၀၀၀၀ ထိ | - | **၁၃၃** |
| ၇။ ခန့်မှန်း ကျပ်သိန်း ၁၀၀၀၀ အထက် | - | **၇၃** |

## ဆက်သွယ်လှူဒါန်းနိုင်ရန်

### ရန်ကုန်တိုင်းဒေသကြီး

ဦးဇော်ဦး
(ညွှန်ကြားရေးမှူး)
သာသနာရေးဦးစီးဌာန
ဖုန်း ၀၉-၂၀၃၈၅၆၃

ဒေါ်ဝတ်ရည်ဝင်းသန့်
(ဒုတိယညွှန်ကြားရေးမှူး)
ရှေးဟောင်းသုတေသနနှင့်
အမျိုးသားပြတိုက်ဦးစီးဌာန
ဖုန်း ၀၉-၅၁၉၄၀၈၂

### မန္တလေးတိုင်းဒေသကြီး

ဦးဖြိုးဇော်ဇော်
(ညွှန်ကြားရေးမှူး)
သာသနာရေးဦးစီးဌာန
ဖုန်း ၀၉-၄၂၁၂၂၂၂၅၁

ဒေါ်မျိုးပပကျော်
(လ/ထ ညွှန်ကြားရေးမှူး)
ရှေးဟောင်းသုတေသနနှင့်
အမျိုးသားပြတိုက်ဦးစီးဌာန
ဖုန်း ၀၉-၄၂၀၇၀၀၇၉၀

**အင်အားပြင်း မန္တလေးငလျင်ကြီးကြောင့်**
**ပျက်စီးဆုံးရှုံးမှုတန်ဖိုး စုစုပေါင်းနှင့်**
**အလှူငွေ ရရှိမှု စုစုပေါင်း**

ငွေကျပ် **၃၈၀၄.၅၄၉** ဘီလီယံ

**၂၀၂၅ ခုနှစ်၊ မေလ ၂၉ ရက်နေ့အထိ အလှူငွေ ရရှိမှု စုစုပေါင်း**
ငွေကျပ် **၂၅၆.၈** ဘီလီယံ နှင့်
အမေရိကန်ဒေါ်လာ **၂.၃** မီလီယံ

**ကောက်ယူ ရရှိခဲ့သော စာရင်းများအရ -**

ယဉ်ကျေးမှုဆိုင်ရာ ရှေးဟောင်း ဘုရား၊ စေတီ၊ ပုထိုး၊
သာသနိကအဆောက်အဦများ ပြိုကျပျက်စီးဆုံးရှုံးမှု - **၁၇၉၉**

သာသနာရေးဆိုင်ရာ ဘုရား၊ စေတီ၊ ပုထိုး၊
သာသနိကအဆောက်အဦများ ပြိုကျပျက်စီးဆုံးရှုံးမှု - **၄၇၀၄**

ဘုရား၊ စေတီ၊ ပုထိုး၊ သာသနိကအဆောက်အဦများ
ပြိုကျပျက်စီးဆုံးရှုံးမှု စုစုပေါင်း - **၆၅၀၃**

**ဘုရား၊ စေတီ၊ ပုထိုး၊ သာသနိကအဆောက်အဦများ**
**ပြုပြင်ရန် ကုန်ကျစရိတ် (ခန့်မှန်း)**

ယဉ်ကျေးမှုဆိုင်ရာ ရှေးဟောင်း ဘုရား၊ စေတီ၊ ပုထိုး၊
သာသနိကအဆောက်အဦများ ပြုပြင်ရန် ကုန်ကျစရိတ်
**ငွေကျပ် ၁၇၃.၁၄ ဘီလီယံ**

သာသနာရေးဆိုင်ရာ ဘုရား၊ စေတီ၊ ပုထိုး၊
သာသနိကအဆောက်အဦများ ပြုပြင်ရန် ကုန်ကျစရိတ်
**ငွေကျပ် ၄၀၇.၆၈ ဘီလီယံ**

ဘုရား၊ စေတီ၊ ပုထိုး၊ သာသနိကအဆောက်အဦများ
ပြုပြင်ရန် ကုန်ကျစရိတ် စုစုပေါင်း
**ငွေကျပ် ၅၈၀.၈၂ ဘီလီယံ**



MOFA | MMRS v.2 Printed by MYANMAR EMBASSY, CANBERRA 16/10/2025 07:55:35



**ငလျင်မလှုပ်မီ** **ငလျင်လှုပ်ပြီး**




**ဘုရားနီဘုရား (မန္တလေး)**




**မဟာလောကမာရဇိန်ကုသိုလ်တော်ဘုရား (မန္တလေး)**




**နန်းမြေဘုံသာ စံနန်းတော်ရာ စန္ဒာမုနိဘုရား (မန္တလေး)**

**လျှော်မလှုပ်မီ** **လျှော်လှုပ်ပြီး**




**ရွှေစာရံစေတီ (ပုသိမ်ကြီး)**




**နဂါးရုံဘုရား (အမရပူရ)**




**မဟာဆေးအိုးဖိုဘုရား (တံတားဦး)**





## ၂၀၂၅ ခုနှစ်၊ မေလ ၃၀ ရက်၊ ကြေးမုံသတင်းစာတွင် ထုတ်ပြန်ထားသော အချက်အလက်များအရ အင်အားပြင်း မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးခဲ့မှုများ

| | | |
|---|---|---|
| ရပ်ကွက် | ၃၇၄ | ခု |
| ကျေးရွာအုပ်စု | ၉၄၄ | စု |
| ကျေးရွာ | ၂၀၈၁ | စု |
| အိမ်ထောင်စု | ၁၆၂၁၆၇ | စု |
| လူဦးရေစုစုပေါင်း | ၅၀၆၀၆၉ | ဦး |
| သေဆုံးသူ | ၃၇၃၉ | ဦး |
| ပျောက်ဆုံးသူ | ၆၈ | ဦး |
| ဒဏ်ရာရရှိသူ | ၅၁၀၄ | ဦး |
| ပုဂ္ဂလိကစက်ရုံ | ၃၄၄ | ခု |
| သီးနှံ | ၇၈.၅ | ဧက |
| တာတမံ | ၆ | ခု |
| လူနေအိမ် | ၅၁၂၁၀ | လုံး |
| လမ်းလုပ်ငန်း | ၄၃၁ | ခု |
| တံတား | ၁၀၃ | စင်း |
| ရထားလမ်းပျက်စီးနေရာ | ၈၃ | နေရာ |
| ရထားလမ်းတံတား | ၁၁ | စင်း |
| မိုဘိုင်းဆက်သွယ်ရေးစခန်း | ၆၇၃၀ | လုံး |
| မဟာဓာတ်အားလိုင်း | ၁၀ | လိုင်း |
| ဓာတ်အားလိုင်းတိုင် | ၃၄၃၅ | တိုင် |
| ဆည်မြောင်း | ၅၉၄ | ခု |
| တိရစ္ဆာန်အကောင် | ၁၃၃၇၀၀ | ကောင် |
| ဌာနအဆောက်အဦ | ၁၁၃၃၈ | လုံး |
| ဆေးရုံ | ၃၈၄ | ရုံ |
| ဆေးခန်း | ၃၆၄ | ခန်း |
| အခြေခံပညာကျောင်း | ၂၄၀၉ | ကျောင်း |
| အဆင့်မြင့်ပညာကျောင်း | ၇၂ | ကျောင်း |
| ပုဂ္ဂလိကစာသင်ကျောင်း | ၉၀ | ကျောင်း |
| ဘုရားစေတီ | ၆၄၆၉ | ဆူ |
| ရှေးဟောင်းအဆောက်အဦနှင့်ပြတိုက် | ၁၆၆ | ခု |
| ဘုန်းကြီးကျောင်း၊ သီလရှင်ကျောင်းနှင့် အခြားဘာသာရေးအဆောက်အဦ | ၅၅၈၈ | ခု |



MOFA | MMRS v.2 Printed by MYANMAR EMBASSY, CANBERRA 16/10/2025 07:55:35

တာဝန်တစ်ရပ်အဖြစ် မိမိတို့၏ ပုခုံးထက်သို့ ရောက်ရှိလာပါသည်။ ထို့အပြင် ပြည်တွင်းသာမက ပြည်ပနိုင်ငံအသီးသီးမှ မိတ်ဆွေများသည်လည်း ပျက်စီးဆုံးရှုံးခဲ့သည့် ဘုရားပုထိုးစေတီများအား တတ်နိုင်သည့်စွမ်းအားဖြင့် ပါဝင်၍ ပြုပြင်နိုင်ခွင့်ရခြင်းသည် အထူးအခွင့်အရေးတစ်ရပ်ပင်ဖြစ်၍ အဆိုးများစွာထဲမှ အကောင်းတစ်ခုပင်ဖြစ်ပါသည်။

ရုပ်ဝတ္ထုပစ္စည်းအလှူတို့တွင် စေတီ၊ ပုထိုး၊ ကျောင်းကန်၊ ဇရပ်နှင့် တန်ဆောင်းတို့ကို ပြုပြင်ဆောက်လုပ်လှူဒါန်းရသော အလှူသည် တုန္နိုင်းမဲ့အလှူ၊ အမြတ်ဆုံး အလှူဖြစ်ပါသည်။ သဒ္ဓါတရားနှင့်ပြည့်စုံသော သူတော်ကောင်းအပေါင်းတို့သည်လည်း တုနှိုင်းမဲ့အလှူဖြင့် ပါရမီဖြည့်ကျင့် ဆည်းပူးလျက်နိဗ္ဗာန်သို့ အထောက်အပံ့ပြုနိုင်ကြပါစေကြောင်း အကျိုးမျှော်၍ နှိုးဆော်တိုက်တွန်းအပ်ပါသည်။

**ထပ်မံသိရှိလိုပါက–**

**သာသနာရေး**

www.mora.gov.mm

**ယဉ်ကျေးမှု**

www.moculture.gov.mm



**ဝေလျှင်မလှူပ်မီ** **ငလျင်လှုပ်ပြီး**





**တမုတ်ရှင်ပင်ရွှေဂူကြီးဘုရား (ကျောက်ဆည်)**





**ရွှေရောင်တော်စေတီ (မကွေးရာ)**





**ရတနာဆီမီးဘုရားစု (အင်းဝ)**



MOFA | MMRS v.2 Printed by MYANMAR EMBASSY, CANBERRA 16/10/2025 07:55:35

**ငလျင်မလှုပ်မီ** **ငလျင်လှုပ်ပြီး**





**မယ်နုအုတ်ကျောင်း (အင်းဝ)**





**ဝဠုဝန်ငါးထပ်ကြီးဘုရား (စစ်ကိုင်း)**





**မြသိန်းတန်စေတီ (မင်းကွန်း)**



ဘုရားရှင်၏ တရားတော်များကို နာကြားခွင့်၊ လိုက်နာကျင့်သုံးခွင့်၊ ဗုဒ္ဓသာသနာတော်ကြီးနှင့် ကြုံတွေ့ခွင့်ရရှိဖို့ ရန်သည်လည်း အလွန်တရာမှပင် ခက်ခဲလှပါသည်။ သာသာနာနှင့် ကြုံတွေ့ခဲ့ရသော်လည်း သာသနာပြုနိုင်ရန် ကြုံကြိုက်ဖို့ ခဲယဉ်းလှပါသည်။

ထို့ကြောင့် ရှေးယခင် နှစ်ထောင်ပေါင်းများစွာကတည်းကပင် ရဟန်းကောင်း ရဟန်းမြတ်များ၊ ပြည့်ရှင်မင်းများ၊ မှူးမတ်များနှင့် ပညာရှိသူတော်ကောင်းများစွာတို့သည် သာသနာ့အကျိုး၊ သံသရာအကျိုးကို ရည်မျှော်၍ စေတီ၊ ပုထိုးများကို တည်ထားတော်မူခဲ့ကြခြင်း ဖြစ်ပါသည်။ ထိုသို့ နှစ်ထောင်ပေါင်းများစွာ တည်တံ့ခိုင်မြဲအောင် တည်ထား ကိုးကွယ်တော်မူခဲ့ကြသော ဘုရား၊ ပုထိုး၊ စေတီတော်များနှင့် သာသနိကအဆောက်အဦများသည် နှစ်ပေါင်း (၁၀၀) ခန့်ကြာမှ တစ်ကြိမ် ပြင်းထန်စွာ လှုပ်ခတ်တတ်သော ငလျင်ကြီးနှင့် တွေ့ကြုံခဲ့ရပြီး ပျက်စီးကြေမွမြေခ၍ အုတ်ပုံအဖြစ်သို့ ရောက်ခဲ့ရပါသည်။

ရှေးယခင် ဘိုးဘွားမိဘများက နှစ်ထောင်ပေါင်းများစွာ တည်တံ့အောင် တည်ဆောက် လှူဒါန်းခဲ့ကြသော ရှေးဟောင်းသမိုင်းဝင် ဘုရားပုထိုးစေတီများသည် ငလျင်ကြီး၏ ဘေးဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့ရသည်ကို ယနေ့ မိမိတို့လက်ထက်တွင် ပြန်လည်ပြင်ဆင်ပြုပြင်လှူဒါန်းနိုင်ရေး၊ ယခင်ထက် ပိုမိုကောင်းမွန်၍ တင့်တယ်ခမ်းနားစေရေးသည် ယနေ့ခေတ်လူသားများ၏ မဖြစ်မနေဆောင်ရွက်ရမည့် သမိုင်းပေး


MOFA | MMRS v.2 Printed by MYANMAR EMBASSY, CANBERRA 16/10/2025 07:55:35

## နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်ခြင်း

မန္တလေးငလျင်ကြီးကြောင့် ထောင်ပေါင်းများစွာသော သမိုင်းတန်ဖိုးကြီးမားသည့် စေတီ၊ ပုထိုး၊ ဘုရား၊ ကျောင်းကန်များ၊ ဘာသာရေးဆိုင်ရာ သာသနိကအဆောက်အဦများ၊ ရှေးဟောင်းနန်းတော်ရာများနှင့် နန်းမြို့ရိုးများ စသည်တို့ ထိခိုက်ပျက်စီးခဲ့ပါသည်။ ပျက်စီးခဲ့သော ဘာသာရေးဆိုင်ရာနှင့် ရှေးဟောင်းဆိုင်ရာ သမိုင်းဝင်အဆောက်အဦများကို မူလအတိုင်း ပြန်လည်ပြင်ဆင်မွမ်းမံရာတွင် အလှူရှင်များ၏ စေတနာသဒ္ဓါတရားသည်လည်း အဓိကကျသော အခန်းကဏ္ဍတစ်ရပ်အဖြစ် ပါဝင်လျက်ရှိပါသည်။

ကြုံတောင့်ကြုံခဲ၊ ဖြစ်တောင့်ဖြစ်ခဲ ဤအဖြစ်ပျက်ဆိုးကြီးကို ကိုယ်တွေ့ကြုံဆုံပြီး စိတ်ဒဏ်ရာရနေသော မြန်မာနိုင်ငံသူနိုင်ငံသားများ၏ စိတ်ဓာတ်ခွန်အား မြှင့်တင်ပေးရန်နှင့် ဆုံးရှုံးသွားသော ယဉ်ကျေးမှုအမွေအနှစ်များ၊ သမိုင်းအမွေအနှစ်များ၊ ဘာသာတရားအမွေအနှစ်များ၊ အနုသုခုမလက်ရာအမွေအနှစ်များစွာပါဝင်သော ဘုရားစေတီ ပုထိုးများနှင့် သာသနိကအဆောက်အဦများအားယခင်အခြေအနေထက် ပိုမိုကောင်းမွန်စွာ ပြန်လည်ရှင်သန်ပေါ်ထွန်းစေရန် ငွေအား၊ လူအား၊ အလှူဒါန ပစ္စည်းအင်အားစုံလင်စွာဖြင့် ဝိုင်းဝန်းပံ့ပိုး ပေးစေလိုပါသည်။

ဤကမ္ဘာမြေပေါ်တွင် လူ၏အဖြစ်ကို ရခဲလှပါသည်။ ထိုနည်းအတူ ရခဲလှသော လူအဖြစ်မှ ဘုရားအဖြစ်ကို ရရှိဖို့ရန် မလွယ်ကူလှပေ။ ထို့အပြင် ၄၅ ဝါကာလပတ်လုံး ဟောကြားတော်မူခဲ့သော ဗုဒ္ဓမြတ်စွာ





**ငလျင်မလှုပ်မီ** **ငလျင်လှုပ်ပြီး**



**မိုးဃ်းကောင်းကျောင်းစေတီ (နေပြည်တော်)**



**ဖောင်တော်ချက်မ (နေပြည်တော်)**



**ပြိုင်အင်းရှေးဟောင်း ဆုတောင်းပြည့်ဘုရား (နေပြည်တော်)**



MOFA | MMRS v.2 Printed by MYANMAR EMBASSY, CANBERRA 16/10/2025 07:55:35

**ငလျင်မလှုပ်မီ** | **ငလျင်လှုပ်ပြီး**





**စည်ကြီးစိမ်စေတီ (ပဲခူး)**





**သိမ်ကုန်းကျောင်းဘုရား (တောင်ငူ)**





**မွေတော်ကက္ကူဘုရား (ရှမ်း)**



MOFA | MMRS v.2 Printed by MYANMAR EMBASSY, CANBERRA 16/10/2025 07:55:35



## မေဏ္ဍကသူဌေး

မေဏ္ဍကသူဌေးလောင်းသည် ဝိပဿီမြတ်စွာဘုရားရှင်အား ဦးလေးဖြစ်သူ ဓောတိကသူဌေးလောင်း လှူဒါန်းသော **ဂန္ဓကုဋီအုတ်ကျောင်းရှေ့ ဥပစာနေရာ၌ ရတနာခုနစ်ပါးဖြင့် စီချယ်ထားသော ညှော့ခံဆင်ဝင် ခန်းမဆောင်နှင့် ခန်းမအလယ်၌ ရတနာမဏ္ဍပ်ထိုးပြီး ဓမ္မာသနပလ္လင်ခင်း၍ ဆောက်လုပ် လှူဒါန်းခဲ့သော ကောင်းမှုကြောင့်** ထိုဘဝမှစုတေသော် လူ့ပြည် နတ်ပြည်တို့၌သာ ကျင်လည်ခဲ့ရပြီး အပါယ်လေးဘုံသို့ မကျရောက်ခဲ့ရပေ။

ဂေါတမမြတ်စွာဘုရားရှင် လက်ထက်တော်ဝယ် မေဏ္ဍကသူဌေးကြီးသည် မြတ်စွာဘုရားရှင်၏ တရားတော်ကို နာကြားရ၍ သောတာပန် အရိယာဖြစ်လေသည်။

**မဟာဗုဒ္ဓဝင်၊ ဆဋ္ဌမတွဲ၊ ဒုတိယပိုင်း၊စာမျက်နှာ–၃၈၀**

## သုဝဏ္ဏဝိမာနဝတ္ထု

ဘုရားရှင်သည် ရာဇဂြိုဟ်ပြည်၊ အန္ဓကဝိန္ဒမြို့၊ တစ်ခုသော မုဏ္ဍကတောင်၌ သီတင်းသုံးတော်မူစဉ် ဥပသကာ ဒကာတစ်ယောက်သည် **မြတ်စွာဘုရားရှင် သီတင်းသုံးတော်မူရန် ဂန္ဓကုဋီတိုက်တော်ကို ကိုယ်တိုင် ဆောက်လုပ်လှူဒါန်းခဲ့သည်။** ထိုပြုခဲ့သော ကောင်းမှု ကုသိုလ်ကံကြောင့် နတ်ပြည်၌ နတ်သားဖြစ်၍ ထိုနတ်ပြည်တွင် ကြောင်မျက်ရွဲ၊ ရွှေစင်၊ ဖန်ငွေစင်၊ ပတ္တမြားပြောက်၊ ပုလဲ၊ ပတ္တမြားနီတို့ဖြင့် ထွန်းလင်း တောက်ပသော အာရာမ်ရှိသော ဗိမာန်သည် ရွှေတောင်ထိပ်၌ ဖြစ်ပေါ်၍ စံစားရလေသည်။

**ပုံတော်စုံ ဝိမာနဝတ္ထုတော်ကြီး၊ အရှင်ဓမ္မဿာမိဘိဝံသ၊ စာမျက်နှာ–၃၈၅**

သစ္စာလေးပါးတရားကိုသိသူ) တေဒင်္ဂဘွဲ့ကို ဆုတောင်းခဲ့လေသည်။ ထိုဘဝမှ သက်တမ်းကုန်သော် တာဝတိံသာနတ်ပြည်၌ နတ်ချမ်းသာကို ခံစားရပြီး ဘဝများစွာ အပါယ်မလားဘဲ နောက်ဆုံးဘဝတွင် ရဟန္တာထေရီအဖြစ် ပရိနိဗ္ဗာန်ဝင်စံရလေသည်။

**ပုံတော်စုံ ထေရာပဒါန်ဝတ္ထုတော်ကြီး၊ အရှင်ဓမ္မသာမိဘိဝံသ၊ စာမျက်နှာ-၁**

## ဓမ္မဒိန္နာထေရီ

ဓမ္မဒိန္နာထေရီလောင်းလျာသည် ပဒုမုတ္တရမြတ်စွာဘုရားရှင်ထံတော်သို့ သွားရောက်ကာ တရားနာယူ၍ ကောမာရိပြဟ္မစရိယအကျင့်ကို ကျင့်လျက် ရဟန်းသံဃာတော်တို့အား **သံဃာ့အာရာမ် ပရိဝုဏ်ကျောင်းတိုက်ကြီး ဆောက်လုပ်လှူဒါန်းခဲ့သော** ကုသိုလ်ကောင်းမှုကြောင့် လူပြည့် နတ်ပြည်တို့၌သာ ကျင်လည်ခဲ့ရပြီး ပဋိသမ္ဘိဒါပတ္တရဟန္တာထေရီအဖြစ် ပရိနိဗ္ဗာန်ဝင်စံရလေသည်။

**ပုံတော်စုံ ထေရာပဒါန်ဝတ္ထုတော်ကြီး၊ အရှင်ဓမ္မသာမိဘိဝံသ၊ စာမျက်နှာ-၁၆၀**

## ဇောတိကသူဌေး

ဇောတိကသူကြွယ်လောင်းသည် ဝိပဿီမြတ်စွာဘုရားရှင်အား **ဂန္ဓကုဋီအုတ်ကျောင်းပရိဝုဏ်အတွင်း ရတနာအပြည့် ဖြန့်ခင်းလျက် လည်းကောင်း၊ ဂန္ဓကုဋီအုတ်ကျောင်းတော်ကို ရတနာတို့ဖြင့် မွမ်းမံစီချယ် လျက်လည်းကောင်း ဆောက်လုပ်လှူဒါန်းခဲ့သော ကောင်းမှုကုသိုလ်ကံကြောင့်** ဘဝဆက်တိုင်း လူချမ်းသာ နတ်ချမ်းသာဘဝဖြင့် နေရပြီး ကျွန်ုပ်တို့ ဂေါတမမြတ်စွာဘုရားရှင် လက်ထက်တွင် ဇောတိကသူဌေးအဖြစ် နာမည်ထင်ရှားပြီး မြတ်စွာဘုရား၏ အထံတော်၌ ရဟန်းပြုရာ မကြာမီပင် ရဟန္တာဖြစ်လေသည်။

**မဟာဗုဒ္ဓဝင်၊ ဆဋ္ဌမတွဲ၊ ဒုတိယပိုင်း၊ စာမျက်နှာ-၃၅၉**



## မြတ်စွာဘုရားရှင်၏ ဓာတ်တော်စေတီ တည်ထားပူဇော်ရခြင်း၊ ပြုပြင်ရခြင်းနှင့် ဘုန်းကြီးကျောင်း သာသနိကအဆောက်အဦများ ဆောက်လုပ်ခြင်း၊ ပြုပြင်ခြင်း အကျိုးပြ ဇာတ်တော်များ

## ဘုရားလောင်း သင်္ခပုဏ္ဏား

ဘုရားလောင်းသင်္ခပုဏ္ဏားသည် သားဖြစ်သူ **သုသီမပစ္စေကဗုဒ္ဓါ၏ ဓာတ်တော်စေတီတော်၌ မြက်နုတ်ခြင်း၊ မြေပြင်ညီအောင် သဲဖြူးခြင်း၊ ဖုန်သိပ်အောင် ရေလောင်းခြင်းပြုလုပ်၍ တောပန်းတို့ဖြင့် တင်လှူပူဇော်ခဲ့ပြီး မိမိ၏ အပေါ်ရုံစုလျားတဘက်ကို တံခွန်ပြားပြုလုပ် လွှင့်ထူကာ လှူဒါန်းခဲ့သော ကောင်းမှု၏ အကျိုးဆက်ကြောင့်** မြတ်စွာဘုရားရှင် ဝေသာလီပြည်သို့ ခရီးရှည်ကြွသောအခါ ဆူးငြောင့်ခလုတ်များ ကင်းရှင်းခြင်း၊ ဒါယကာ၊ ဒါယိကာမတို့၏ ကြီးကျယ်သောပူဇော်ကြိုဆိုခြင်း စသော အကျိုးထူးများ ဖြစ်ပေါ်ခဲ့ပါသည်။

**မဟာဗုဒ္ဓဝင်၊ တတိယတွဲ၊ စာမျက်နှာ-၃၂၁**

## အရှင်အနုရုဒ္ဓါထေရ်

အရှင်အနုရုဒ္ဓါလောင်းလျာသည် ပဒုမုတ္တရမြတ်စွာဘုရားနှင့် ကဿပမြတ်စွာဘုရားရှင်တို့၏ လက်ထက်တွင် **ဘုရားရှင်၏ ဓာတ်တော်ကို ဌာပနာထားသော ရွှေစေတီတော်၌ ဆီမီး လှူဒါန်းပူဇော်ခဲ့လေသည်။ ထိုကောင်းမှု ကုသိုလ်ကံကြောင့်** လူ့ပြည်၌ စကြဝတေးမင်း နှစ်ဆယ့်ရှစ်ကြိမ် ဖြစ်ခဲ့၏။ ဘဝဆက်တိုင်း အပါယ် မလားခဲ့ရပေ။ ဂေါတမ မြတ်စွာဘုရား၏ သာသနာတော်ဝယ် ဒိဗ္ဗစက္ခု ဉာဏ်၊ ပဋိသမ္ဘိဒါလေးပါး၊ ဝိမောက္ခရှစ်ပါး၊ အဘိညာဉ် ခြောက်ပါးတို့ကိုရ၍ ဒိဗ္ဗစက္ခုအဘိညာဉ်အရာ၌ တေဒင်္ဂဘွဲ့ထူးကို ရတော်မူသော



MOFA | MMRS v.2 Printed by MYANMAR EMBASSY, CANBERRA 16/10/2025 07:55:35

မထေရ်ကြီးတစ်ပါးအဖြစ် ထင်ရှားလေသည်။

**ပုံတော်စုံ ထေရာပဒါန်ဝတ္ထုတော်ကြီး၊ အရှင်ဓမ္မသာမိဘိဝံသ၊ စာမျက်နှာ-၁၆၄**

## အရှင်ဥပဝါဏထေရ်

အရှင်ဥပဝါဏလောင်းလျာသည် ပဒုမုတ္တရမြတ်စွာဘုရားနှင့် ကဿပမြတ်စွာဘုရား လက်ထက်တို့၌ **ဘုရားရှင်၏ ဓာတ်တော် စေတီတော်၌ မိမိအပေါ်ရုံ ခြုံလွှာကို ဝါးလုံးအဖျား၌ဆွဲကာ တံခွန်ပြုလုပ်ပြီး တင်လှူ၍ ပူဇော်ခဲ့သော ကုသိုလ်စေတနာကံကြောင့်** သုဂတိ ဘုံဘဝတို့၌သာ ကျင်လည်ခဲ့ရပြီး ကဿပမြတ်စွာဘုရား၏ ဓာတ်တော်တည်ထားရာ စေတီတော်၌ အစောင့်နတ်သားအဖြစ် ဆုတောင်းရာ ဆုတောင်း အတိုင်းဖြစ်လေ၏။ ကမ္ဘာတစ်သိန်း ကာလပတ်လုံး အပါယ်သို့ မကျရောက်ခဲ့ရပေ။ ဂေါတမမြတ်စွာဘုရားရှင် သာသနာတော်၌ ဝိပဿနာ တရားအားထုတ်၍ ရဟန္တာအဖြစ် ပရိနိဗ္ဗာန်ဝင်စံရလေသည်။

**မဟာဗုဒ္ဓဝင်၊ ပဥ္စမတွဲ၊ စာမျက်နှာ-၄၂၈**

## အရှင်မဟာကစ္စည်း

အရှင်ကစ္စည်းမထေရ်အလောင်းလျာသည် ကဿပဘုရားရှင်လက်ထက် ပရိနိဗ္ဗာန်စံတော်မူသော **ဘုရားရှင်၏ဓာတ်တော်စေတီကို ရွှေအုတ်ဖြင့် ပူဇော်ခဲ့သော ကောင်းမှုကံကြောင့် ဖြစ်လေရာ ဘဝတို့၌ ရွှေအဆင်းကဲ့သို့ ဖြစ်စေသားဟု ဆုတောင်းခဲ့၏။ ထိုဘဝမှစုတေသော် လူ့ပြည်နတ်ပြည်တို့၌ လူ့စည်းစိမ် နတ်စည်းစိမ်တို့ကို စံစားရ၏။** ဂေါတမဘုရားရှင်လက်ထက်တော်၌ ကစ္စာယနလုလင်ဖြစ်၍ စန္ဒပဇ္ဇောတမင်းထံ ခွင့်ပန်ကာ မြတ်စွာဘုရား၏ တရားတော်ကို နာကြားကြ၍ ဗောဓိဘက္ခု ရဟန်းအဖြစ်ကိုရပြီး ကမ္မဇိဒ္ဓိဖြင့်ပြီးသော



MOFA | MMRS v.2 Printed by MYANMAR EMBASSY, CANBERRA 16/10/2025 07:55:35



ဘုရားရှင်၏ သရီရဓာတ်တော်တို့ကို စုပေါင်း၍ဌာပနာ၍ လူအပေါင်းတို့ ပန်းပူဇော်ထားသော နေရာ၌ ဖရိုဖရဲ ဖြစ်ကုန်သော ပန်းတို့ကိုမြင်၍ **ထိုနေရာ၌ပင်လျှင် ပန်းတို့ကို စနစ်တကျ ကောင်းမွန်စွာထားကာ ထူးခြားစွာစီမံလျက် ပန်းပူဇော်ခဲ့သော ကောင်းမှုကုသိုလ်ကံကြောင့်** တာဝတိံသာနတ်ပြည်တွင် တစ်ဆယ့်နှစ်ယူဇနာရှိသော ရွှေဗိမာန်၌ နတ်သားဖြစ်လေသည်။

**ပုံတော်စုံ ဝိမာနဝတ္ထုတော်ကြီး၊ အရှင်ဓမ္မသာမိဘိဝံသ၊ စာမျက်နှာ-၄၇၃**

## ဓာတုဝိဝဏ္ဏပေတဝတ္ထု

ဘုရားရှင်ပရိနိဗ္ဗာန်စံလွန်တော်မူပြီး၍ အဇာတသတ်မင်းကြီးသည် မိမိရအပ်သော ဓာတ်တော်ဝေစုကို ယူဆောင်ပြီးလျှင် ခုနစ်နှစ်၊ ခုနစ်လ၊ ခုနစ်ရက်တို့ တိုင်တိုင် ခမ်းနားကြီးမြတ်သော ပူဇော်ခြင်းကို ဖြစ်စေ၏။ **ရာဇဂြိုဟ်မြို့၌ တစ်ယောက်သော စည်းစိမ်ဥစ္စာရှင် သူကြွယ်၏ မယား, သမီး, ချွေးမတို့သည် ကြည်ညိုသည်ဖြစ်၍ “ဓာတ်တော်ကို နံ့သာ ပန်း တို့ဖြင့် ပူဇော်လေသည်။ ထိုသို့ပူဇော်ခဲ့သော ကောင်းမှုကုသိုလ်ကံကြောင့်** သေသည်ရှိသော် နတ်ပြည်၌ နတ်သမီးများဖြစ်ကြလေသည်။

**ပုံတော်စုံ ထေရာပဒါန်ဝတ္ထုတော်ကြီး၊ အရှင်ဓမ္မသာမိဘိဝံသ၊ စာမျက်နှာ-၃၄၂**

## ကျောင်းဆောက်လှူဒါန်းခြင်း

## ဂေါတမီထေရီ

မိထွေးတော် ဂေါတမီထေရီသည် ပဒုမုတ္တရမြတ်စွာဘုရားရှင်အား တိစီဝရိတ် သင်္ကန်းလှူဒါန်းခြင်း၊ ဆွမ်းကပ်ခြင်း၊ **စကြံ၊ ဓမ္မာရုံနှင့် မဏ္ဍပ်ဆောက်လုပ်ခြင်း ကုသိုလ်ကောင်းမှုတို့ကို ပြုလုပ်ခဲ့ပြီး** ရတ္တညူ (ရှေးဦးစွာ

## စူဠရထဝိမာနဝတ္ထု

သုဇာတမင်းသားသည် ဂေါတမမြတ်စွာဘုရားရှင် လက်ထက်က **အရှင်မဟာကစ္စည်းမထေရ် ပေးအပ်သော သရီရဓာတ်တော်တို့ကို အစဉ်တစ်စိုက် အမြဲမပြတ် ပူဇော်ခဲ့သော ကောင်းမှုကုသိုလ်ကံကြောင့်** တာဝတိံသာ နတ်ပြည်တွင် လျှင်မြန်လှသော အဿတိုရ်မြင်းကသော ရွှေရထားကြီးတို့ဖြင့် နတ်စည်းစိမ်ခံစားရသော နတ်သား ဖြစ်လေသည်။

**ပုံတော်စုံ ထေရာပဒါန်ဝတ္ထုတော်ကြီး၊ အရှင်ဓမ္မသာမိဘိဝံသ၊**
**စာမျက်နှာ–၃၂၆**

## ဇင်္ဃိလဂဟပတိဝတ္ထု

ဇင်္ဃိလသူကြွယ်လောင်းသည် ကဿပမြတ်စွာ ဘုရားရှင်၏ ဓာတ်တော် ဌာပနာထားသော ရွှေစေတီ တွင် **ရွှေသားပန်းစိုက် အိုးသုံးလုံးတို့ကို (ပန်းခိုင်ပါ) ပြီးအောင်ပြုလုပ်၍ ဓာတုစေတီတော် ဌာပနာသွင်းလျက် လှူဒါန်းခဲ့သဖြင့်** သုဂတိဘုံတို့၌သာ ကျင်လည်ခဲ့ရပြီး အပါယ်လေးဘုံသို့ မကျရောက်ခဲ့ရပေ။ ဂေါတမမြတ်စွာ ဘုရားရှင်လက်ထက်တွင် ဇင်္ဃိလသူကြွယ်လောင်းသည် တက္ကသိုလ်ပြည်မှ သူဌေးသမီးနှင့် လက်ထပ်ကာ အိမ်ဆောက်ပြီး၍ အိမ်သစ်တက်ရန် တံခါးခုံကို ကျော်နင်းမိလျှင်နင်းမိချင်း အတောင် (၈၀) မြင့်သော ရွှေတောင်ကြီး ပေါ်ပေါက်လာခဲ့ပါသည်။ မြတ်စွာဘုရား၏ အထံတော်၌ ရဟန်းပြု၍ ရဟန်းတရား ကြိုးစား အားထုတ်လေရာ နှစ်ရက်, သုံးရက်အတွင်းမှာပင် ရဟန္တာဖြစ်လေသည်။

**မဟာဗုဒ္ဓဝင်၊ ဆဋ္ဌမတွဲ၊ ပထမပိုင်း၊စာမျက်နှာ – ၁၁၃**

## သုနိက္ခိတ္တဝိမာနဝတ္ထု

**ဥပါသကာတစ်ယောက်သည်** ကဿပမြတ်စွာ



MOFA | MMRS v.2 Printed by MYANMAR EMBASSY, CANBERRA 16/10/2025 07:55:35



သပိတ်သက်န်းတို့ဖြင့် ရဟန္တာဖြစ်၏။

**ပုံတော်စုံ ထေရာပဒါန်ဝတ္ထုတော်ကြီး၊ အရှင်ဓမ္မသာမိဘိဝံသ၊**
**စာမျက်နှာ– ၃၂၀**

## သုဓာပိဏ္ဍိယထေရ်

သုဓာပိဏ္ဍိယထေရ်လောင်းလျာသည် **သိဒ္ဓတ္ထ မြတ်စွာဘုရား၏ ဓာတ်တော်ဌာပနာတည်ထားသော စေတီတော်ဝယ် အင်္ဂတေကွာနေသော ကွက်လပ် အကြား၌ အင်္ဂတေအစိုင်အခဲတစ်ခုထည့်၍ မွမ်းမံပူဇော် ခဲ့သော ကုသိုလ်ကြောင့်** ကိုးဆယ့်လေးကမ္ဘာပတ်လုံး အပါယ်မကျရောက်ခဲ့ရပေ။ ကမ္ဘာသုံးဆယ်အထက်၌ ပဋိသင်္ခါရ စကြဝတေးမင်း တစ်ဆယ့်သုံးကြိမ် ဖြစ်ခဲ့ သည်။ ဂေါတမမြတ်စွာဘုရားရှင်သာသနာတော်၌ ဝိပ ဿနာတရား အားထုတ်၍ ရဟန္တာအဖြစ် ပရိနိဗ္ဗာန် ဝင်စံရလေသည်။

**ပုံတော်စုံ ထေရာအပဒါန်ဝတ္ထုတော်ကြီး၊ အရှင်ဓမ္မသာမိဘိဝံသ၊**
**စာမျက်နှာ–၅၁၁**

## ခဏ္ဍဖုလ္လိယထေရ်

ဖုဿမြတ်စွာဘုရားရှင်လက်ထက် ခဏ္ဍဖုလ္လိယ မထေရ်လောင်းသည် **တောအရပ်၌ ပျက်စီးယိုယွင်းသော စေတီဟောင်း ၁–ဆူကိုမြင်၍ အင်္ဂတေ မွမ်းမံပြင်ဆင် လှူဒါန်းသော ကုသိုလ်ကံကြောင့်** (၉၂) ကမ္ဘာပတ်လုံး အပါယ် လေးဘုံသို့ မလားရောက်ရပေ။ စကြဝတေးမင်း အဖြစ် (၁၆) ကြိမ်ဖြစ်ခဲ့ရလေသည်။ ဂေါတမမြတ်စွာ ဘုရားရှင် သာသနာတော်၌ ဝိပဿနာတရား အားထုတ်၍ ရဟန္တာအဖြစ် ပရိနိဗ္ဗာန်ဝင်စံရလေသည်။

**အပဒါန်ပါဠိတော်၊ ပထမအုပ်၊ စာမျက်နှာ–၂၂၁**

## ပိလိန္ဒဝစ္ဆထေရ်

ပိလိန္ဒဝစ္ဆမထေရ်လောင်းလျာသည် သုမေဓာ

ဘုရားရှင်လက်ထက် **မြတ်စွာဘုရားရှင်၏ စေတီတော်အား အမွှေးနံ့သာစသည်တို့ဖြင့် ပူဇော်ခဲ့သည့်အပြင် ရဟန္တာမထေရ်တို့ကို ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေးတို့ကို လှူဒါန်းခဲ့သော ကုသိုလ်ကံကြောင့်** နတ်ပြည်၌ အခြားနတ်တို့ထက် အသက်၊ အဆင်း စသည်အားဖြင့် အလွန်တင့်တယ်သော နတ်သားဖြစ်၏။ နှစ်ဆယ့်ငါးကမ္ဘာအထက်၌ ဝရုဏစကြဝတေးမင်း ဖြစ်ခဲ့၏။ အမွှေးနံ့သာဖြင့် ဘုရားရှင်၏ဓာတ်တော်စေတီကို ပူဇော်ခဲ့သော အချိန်မှစ၍ အပါယ်လေးပါးသို့ မကျရောက်ခဲ့ရပေ။ ဂေါတမမြတ်စွာဘုရားရှင် လက်ထက်တော်၌ ရဟန်းပြု၍ ရဟန္တာအဖြစ် ပရိနိဗ္ဗာန်ဝင်စံရလေသည်။

**မဟာဗုဒ္ဓဝင်၊ ဆဋ္ဌမတွဲ၊ ပထမပိုင်း၊ စာမျက်နှာ-၃၈၉**

## သကစိန္တနိယထေရ်

သကစိန္တနိယထေရ်သည် **သဲတို့ဖြင့် သဲပုံစေတီတည်ပြီး၍ သက်တော်ထင်ရှား မြတ်စွာဘုရား အမှတ်ဖြင့်လည်းကောင်း၊ ဓာတ်တော် ဌာပနာသော အမှတ်ဖြင့်လည်းကောင်း တောပန်း တောင်ပန်းတို့ဖြင့် ပူဇော်သော ကုသိုလ် စေတနာကံကြောင့်** လူ့ပြည် နတ်ပြည်တို့၌ ကျင်လည်ခဲ့ရပြီး ကမ္ဘာရှစ်ဆယ် အထက်၌ စကြဝတေးမင်း တစ်ကြိမ်ဖြစ်ခဲ့၏။ ဘဝဆက်တိုင်း အပါယ်သို့ မလားရောက်ရဘဲ နောက်ဆုံးဘဝတွင် ရဟန်းပြုပြီးလျှင် ဝိပဿနာတရား အားထုတ်သည် ရှိသော် ရဟန္တာအဖြစ်သို့ ရောက်တော်မူလေ၏။

**ပုံတော်စုံ ထေရာပဒါန်ဝတ္ထုတော်ကြီး၊ အရှင်ဓမ္မသာမိဘိဝံသ၊ စာမျက်နှာ-၄၄၄**

## ဘဒ္ဒါကာပိလာနီထေရီ

ဘဒ္ဒါကာပိလာနီထေရီလောင်းလျာသည် ကဿပ



MOFA | MMRS v.2 Printed by MYANMAR EMBASSY, CANBERRA 16/10/2025 07:55:35



မြတ်စွာဘုရားရှင် လက်ထက်က လူအပေါင်းတို့ ရွှေသား အတိပြီးသော အဖိုးတစ်သိန်းတန်သည့် ရွှေနီဖလံ အုတ်တို့ဖြင့် တစ်ယူဇနာ အမြင့်ရှိသော ဓာတုစေတီတော်ကြီးကို တည်ထားကြရာ ရွှေအုတ်တစ်ချပ် လိုနေသော နေရာ၌ မိမိ၏ အဝတ်တန်ဆာတို့ကို ရောင်းချပြီး ရွှေအုတ်တစ်ချပ် ပြုလုပ်၍ လှူဒါန်းခဲ့၏။ ထိုရွှေအုပ်တစ်ချပ်၊ ဆေးဒန်းမြင်းသီလာခဲနှင့် ကြာရှစ်လက်တို့ကို ပူဇော်လှူဒါန်းခဲ့သော ကုသိုလ်ကံကြောင့် ခန္ဓာကိုယ်မှ မကောင်းသောရနံ့ ပျောက်ကွယ်ပြီး စန္ဒကူးနံ့သာနံ့၊ ခံတွင်းမှ ကြာညိုနံ့ သင်းပျံ့ မွှေးကြိုင်လှိုင်ရခြင်းကို ယခုဘဝတွင်ပင် ချက်ချင်း အကျိုးပေးလေသည်။ ထိုဘဝမှစတေသော် ဘဝဆက်တိုင်းအပါယ် မလားခဲ့ပေ။ ဂေါတမမြတ်စွာဘုရားရှင် လက်ထက်တော်၌ ဘိက္ခုနီဝတ်၍ ဝိပဿနာတရားအားထုတ်ပြီး ရဟန္တာထေရီအဖြစ် ပရိနိဗ္ဗာန်ဝင်စံရလေသည်။

**မဟာဗုဒ္ဓဝင်၊ ဆဋ္ဌမတွဲ၊ ပထမပိုင်း၊စာမျက်နှာ-၁၁၃**

## သကုလာထေရီ

သကုလာထေရီလောင်းလျာ အမျိုးကောင်းသမီးသည် ကဿပမြတ်စွာဘုရားရှင်၏ **ဓာတ်တော်မွေတော်များကို ဌာပနာထားသည့် စေတီတော်ကြီးတွင် တစ်ညဉ့်ပတ်လုံး တမေးတမှိတ်မျှ အိပ်စက်ခြင်းမပြုဘဲ ဆီတစ်သပိတ်ကို ဆီမီးထွန်းညှိကာ လှူဒါန်းပူဇော်ခဲ့ရသော ကုသိုလ်ကံစေတနာကြောင့်** အပါယ်လေးပါးသို့ မကျရောက်ရဘဲ သုဂတိဘုံတို့၌သာ ကျင်လည်ခဲ့ရပြီး ဂေါတမမြတ်စွာဘုရားရှင်၏ လက်ထက်တွင် ရဟန္တာထေရီဖြစ်၍ ပရိနိဗ္ဗာန်ဝင်စံရလေသည်။

**ပုံတော်စုံ ထေရာပဒါန်ဝတ္ထုတော်ကြီး၊ အရှင်ဓမ္မသာမိဘိဝံသ၊ စာမျက်နှာ-၃၃၉**